စိတ်ကူးချိုချိုအနုပညာ

# စာကြည့်တိုက်

## ကလေးကဗျာများ

ဖော်ထင်ဘုန်း



mgyoe.com

mgyoe.com

# စာကြည့်တိုက်

## ကလေးကဗျာများ



ကလေးတွေကို
ချစ်ပါ
ကမ္ဘာကြီးလှပနေပါမယ်

သော်ရင်အုန်း

mgyoe.com

POEM0036
1,500.00 KS

mgyoe.com

စာကြည့်တိုက် ကလေးကဗျာများ သော်ဇင်အုန်း
အတွင်းပန်းချီ - ဗိုသံ
စာမျက်နှာ ၇၉ မျက်နှာ၊ ၁၄ · ၅ စင်တီ x ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# စာကြည့်တိုက် ကလေးကဗျာများ

## သော်ဇင်အုန်း

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာကြည့်တိုက် | ၁ |
| ၂။ | မေမေ ဝတုတ်တုတ် | ၃ |
| ၃။ | နံနက်ခင်း | ၄ |
| ၄။ | လယ်တဲလေး | ၆ |
| ၅။ | ဈေးဝယ်သွား | ၇ |
| ၆။ | ရွက်လှပန်း | ၉ |
| ၇။ | ခွေးကလေး | ၁၀ |
| ၈။ | သမီးလေး | ၁၂ |
| ၉။ | ညောင်ပင်ကြီး | ၁၃ |
| ၁၀။ | မိုးပျံပူဖောင်း | ၁၄ |
| ၁၁။ | ထမင်းဆိုင် | ၁၆ |
| ၁၂။ | ညီလေး | ၁၈ |
| ၁၃။ | လယ်ထွန်စက် | ၁၉ |
| ၁၄။ | လမ်းလျှောက်ကြမယ် | ၂၀ |
| ၁၅။ | ပိတောက်ပန်း | ၂၂ |


mgyoe.com

mgyoe.com


၁၆။ ဖိုးသားလေး ၂၄
၁၇။ သံလုံးလေး ၂၅
၁၈။ သရက်ပင် ၂၆
၁၉။ စံပယ်ပန်း ၂၈
၂၀။ ဓိဇဝါ ၃၀
၂၁။ မချောစု ၃၁
၂၂။ တမာ ၃၂
၂၃။ ဗာဒံပင် ၃၄
၂၄။ စာကလေး ၃၆
၂၅။ ကြက်ဖ ၃၇
၂၆။ သစ်ပင်စိုက်ကြစို့ ၃၉
၂၇။ ကြက်သားအမိ ၄၀
၂၈။ မန်ကျည်းပင် ၄၂
၂၉။ စက္ကူလှေ ၄၃
၃၀။ ငှက်ပျော ၄၅
၃၁။ လပြည့်ည ၄၆
၃၂။ သီတင်းကျွတ် ၄၈
၃၃။ ရေအိုးလေး ၄၉
၃၄။ သူငယ်ချင်း ၅၀
၃၅။ အိုးလှေ ၅၂
၃၆။ ကိုရွှေနွား ၅၄
၃၇။ ဘောလုံးပွဲ ၅၅
၃၈။ ကျောင်းလှေ ၅၆
၃၉။ ဖားကလေး ၅၈
၄၀။ ဆင်ကလေး ၆၀
၄၁။ ကောက်ညှင်းပေါင်း ၆၁
၄၂။ မိသားစုဇာတ်ပွဲ ၆၂
၄၃။ ကျောင်းသားကြီး ၆၄


mgyoe.com

mgyoe.com


၄၄။ သံပုံးရိုက်ပွဲ ၆၆
၄၅။ ဒေါ်လေး ၆၇
၄၆။ ရေကူးမယ် ၆၈
၄၇။ ပန်းချီဆရာ ၇၀
၄၈။ ဘဲကျောင်းသား ၇၂
၄၉။ ကလေးတွေ ၇၃
၅၀။ ကောက်စိုက်သမ ၇၄
၅၁။ စက်ဘီးစီးမယ် ၇၆
၅၂။ လမ်းခင်းစို့ ၇၉


❖


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာကြည့်တိုက်




mgyoe.com

mgyoe.com


## စာကြည့်တိုက်

စာကြည့်တိုက်ကို သွားကြမယ်
ကိုယ်ဖတ်ချင်တာ ဖတ်ပါကွယ်

သူငယ်ချင်းတွေ တူတူပျော်
ဗဟုသုတ ရတယ်နော်

ပင်လယ်ပျော်နဲ့ တောင်တန်းသား
စာအုပ်ထဲမှာ ရှိတယ်ဗျား

ရေခြားမြေခြား ကလေးတွေ
ငါတို့လိုပဲလေ

သိချင်တာတွေ သိကြဖို့
စာအုပ်လေးတွေ ဖတ်ကြစို့။

❖

mgyoe.com

mgyoe.com

## မေမေ ဝတုတ်တုတ်

မိုးလင်းမိုးချုပ်
အလုပ်ရှုပ်
မေမေ ဝတုတ်တုတ်


ဖိုးဝရုပ်နဲ့ မတူပါ
မေမေ ပိုလှတာ

ပါးပြင်ပေါ်မှာ
ပါးကွက်ကြား
သားသားမွေးဖို့ဗျား။

❖

mgyoe.com

mgyoe.com



mgyoe.com

## နံ့နက်ခင်း

ငှက်သံလေးတွေ ကြားရပြီ
နံ့နက်လင်းတော့မည်

ဘွားဘွားဆီက ရွတ်သံကြား
ဗုဒ္ဓမြတ်တရား

ငြိမ်းချမ်းပါစေ သတ္တဝါတွေ
မေတ္တာပို့လို့နေ

အမျှဝေလို့ ကုသိုလ်ပွား
အားလုံးရစေသား။

❖

mgyoe.com

mgyoe.com


## လယ်တဲလေး

လယ်ကွင်းထဲက တဲလေးမှာ
ဘိုးဘိုးဘွားဘွား နေကြတာ

မိုးတွင်းအခါ စပါးစိုက်
ဆောင်းမှာ ရိတ်သိမ်းလိုက်

နွေရာသီမှာ နားကြတယ်
နောင်နှစ်စိုက်ဖို့ကွယ်

ချိုးလေးတွေရယ် ကူသံပေး
လယ်ကွင်းထဲက လယ်တဲလေး။

❖

mgyoe.com

## ဈေးဝယ်သွား

ဈေးကိုသွားမယ့် မေမေရယ်
သားသားလိုက်ခဲ့မယ်

မေမေကြိုက်တာ ဝယ်လိုက်ပါ
သားသားစားမယ်ဗျာ

ဆွဲခြင်းကြီးက လေးနေလား
သားသားဆွဲမယ်ဗျား။

❖

mgyoe.com

mgyoe.com

# ရွက်လှပန်း



mgyoe.com

## ရွက်လှပန်း

အရွက်တွေတိုင်း
လှနေတာ
ရွက်လှပန်းပင်ပါ

တစ်ပင်တည်းမှာ
စိမ်းဝါနီ
အရွယ်တူပါသည်

လှပခြင်းတွေ
ညီညီမျှ
အဲ့ဒါသူ့အလှ။

❖

mgyoe.com

mgyoe.com

# ခွေးကလေး



mgyoe.com

## ခွေးကလေး

ခွေးလေးတစ်ကောင်အိပ်နေတယ်
မြက်ခင်းပေါ်မှာကွယ်

လှုပ်လှုပ်ရှားရှား မရှိပါ
ငြိမ်ငြိမ်လေးပေါ့ဗျာ

နေ့မှာအိပ်တယ် အားဖြည့်လို့
ညမှာကင်းစောင့်ဖို့။

❖

mgyoe.com

mgyoe.com

## သမီးလေး

ဝိုင်းဝိုင်းစက်စက် ဝလုံးဟာ
ပါးပြင်လေးပေါ်မှာ

မွေးမွေးကြိုင်ကြိုင် သနပ်ခါး
မြန်မာ့ရိုးရာဗျား

ဖေဖေကြီးက ချီလို့ရယ်
မေမေ ထီးမိုးတယ်

သွားကြစို့ကွယ် မြစ်ကမ်းနား
လေကောင်းလေသန့် ရှုစို့လား။

❖

mgyoe.com

mgyoe.com

## ညောင်ပင်ကြီး

နေပူထဲက လာတဲ့အခါ
အေးသွားတာပေါ့ကွာ

ရွာအဝင်မှာ တစ်ပင်တည်း
ငှက်ပေါင်းစုံလို့ပဲ

ဘိုးဘွားစဉ်ဆက်ရှိခဲ့တာ
အရိပ်ဝေဝေဆာ

နွယ်ပင်တွေဟာ
ဒါန်းဖြစ်သွား
စီးလိုက်ကြစို့လား။

❖

mgyoe.com

mgyoe.com

# မိုးပျံပူဖောင်း




mgyoe.com

## မိုးပျံပူဖောင်း

သားသားလက်မှာ
ကိုင်ထားတာ
ပူဖောင်းလေးတွေပါ

ကြိုးစလေးကို
လွှတ်လိုက်တော့
မိုးပေါ်ပျံတက်ပေါ့

ငှက်လေးတွေလို
လေမှာဝဲ
ဘယ်ကိုသွားနေလဲ။

❖

mgyoe.com

mgyoe.com



mgyoe.com

## ထမင်းဆိုင်

အိုးလေးတွေကို ယူခဲ့ပါ
ထမင်းချက်စို့ကွာ

ခူးလာခဲ့တဲ့ အရွက်တွေ
ရောလို့ကြော်မယ်လေ

ဖေဖေမေမေ အလုပ်သွား
တို့တွေ တူတူကစား။

❖

mgyoe.com